မ ရမ်း ကုန်း မြို့ နယ် တ ရား ရုံး

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၂၉

ဦးခင်ထက်(ခ) ဦးအောင်ဇော်ဝမ်း တရားလို

နှင့်

၁။ ဦးအောင်မင်းစိုး တရားပြိုင်များ

၂။ ဒေါ်ရွှေရည်ဝင်း

( ၎င်း၏ အခွင့်ရကိုယ်စားလှယ် (၁)တရားပြိုင်ဦးအောင်မင်းစိုး)

တရားလိုအတွက် ။ ဦးမျိုးမင်းထွန်း(တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်များအတွက် ။ ဦးခင်မောင်တင် (တရားလွှတ်တော်ရှေ့နေ)

**<u>ဆန်ဖိုးငွေ ၂,၇၇၂,၀၀၀ိ/(နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်တိတိ)ရလိုမှု</u>**

**<u>စီရင်ချက်</u>**

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်။

အမှုမှာ မရမ်းကုန်းမြို့နယ် ၊ သီရိမွန်ပလာဇာဝန်းနေ ဦးခင်ထက်(ခ) ဦးအောင်ဇော်ဝမ်း (ထက်အာကာဆန်ရောင်းဝယ်ရေး) မှ ဒေါပုံမြို့နယ်နေ တရားပြိုင် ဦးအောင်မင်းစိုး နှင့် ဒေါ်ရွှေရည်ဝင်း အတူနေလင်မယား ထံ ဆန်ဖိုးငွေစုစုပေါင်း နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းခုနစ် ထောင်တိတိရလိုမှု စွဲဆိုမှုဖြစ်သည်။

တရားလို ဦးခင်ထက်(ခ) ဦးအောင်ဇော်ဝမ်း၏ အဆိုလွှာတွင် ထက်အာကာ ဆန်ရောင်းဝယ် ရေးအမည်ဖြင့် မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာဝန်းတွင် ဆန်ရောင်းဝယ်ရေး လုပ်ကိုင်ပြီး တရားပြိုင်များသည် ဒေါပုံမြို့နယ်တွင် ရွှေရတနာအောင် ဆန်ရောင်းဝယ်ရေး အမည် ဖြင့် ဆန်ရောင်းချကြောင်း၊ တရားပြိုင်များသည် (၁၄.၃.၂၀၁၄) ရက်နေ့တွင် တရားလို၏ဆိုင်သို့ ရောက်လာပြီး ၎င်းဆိုင်တွင်ပြန်လည်ရောင်းချရန်အတွက် ဆန်အိတ်များ ဝယ်ယူသဖြင့် ဆန်အိတ် ဖိုးငွေများအား ဝယ်ယူသည့်နေ့မှစ၍ (၅)ရက်ပြည့်သည့်အခါ အပြေအကြေပေးချေမည်ဖြစ် ကြောင်း ယုံကြည်အောင်ပြောပြီး တရားလိုထံမှ နံ့ကားဆန်ပေါ်ဆန်း(ရှယ်) ၊ ပေါ်ဆန်းစသည့် ဆန် အမျိုးအစား (၃)မျိုး၊ စုစုပေါင်းဆန်အိတ် (၈၀)အိတ် တန်ဖိုးငွေစုစုပေါင်း တစ်ဆယ့် ခြောက်သိန်း ငါးသောင်းငါးထောင်တိတိ) အား ထက်အာကာဆန် ရောင်းဝယ်ရေး ဘောက်ချာ

၁၈-၈-၁၉

(ဇော်ဘလွှင်)

ထွေဝေါ်မြို့နယ်တရားသူကြီး (၄)

မရမ်းကုန်းမြို့နယ်တရားရုံး

အမှတ် (၀၉၂၆) ဖြင့်လည်းကောင်း၊ (၁၇.၃.၂၀၁၄) ရက်နေ့တွင် နံ့ကား(ရှယ်)၊ပေါ်ဆန်းစသည့် ဆန်အမျိုးအစား (၂)မျိုး စုစုပေါင်း (၅၈)အိတ် တန်ဖိုးငွေ (တစ်ဆယ့်တစ်သိန်းတစ်သောင်းနှစ်ထောင်တိတိ)ကို ဘောက်ချာအမှတ် (၀၉၂၇)ဖြင့် လည်းကောင်း (၁)တရားပြိုင်ကိုယ်တိုင် ကုန်ထုတ်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး လက်ခံရယူသွားကြောင်း၊ (၁၄.၃.၂၀၁၄) နှင့် (၁၇.၃.၂၀၁၄) ရက်နေ့များတွင် ဝယ်ယူသွားခဲ့သော ဆန်အိတ်ဖိုးစုစုပေါင်းမှာ (နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်တိတိ) ဖြစ်ကြောင်း၊ တရားပြိုင်များသည် ၎င်းတို့ကတိပြုထားသည့်အတိုင်း ဆန်ဖိုးငွေများလာရောက်ပေးချေခြင်း မရှိသည့် အတွက် (၂၅.၃.၂၀၁၄) စာရေးဖြစ်သူမသီသီခိုင်မှ တရားပြိုင်များ၏ ရွှေရတနာဆန်ရောင်းဝယ်ရေးသို့ လိုက်သွားရာ အဆိုပါဆန်အိတ်များအား ရောင်းချထားပြီး ဆန်အိတ်ဖိုးငွေများအား ကိုယ်ကျိုးအတွက်သုံးစွဲထားကြောင်း ပြောဆိုဝန်ခံပြီး (၁)တရားပြိုင် မှ အဆိုပါငွေကျပ် (နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်တိတိ)အား (၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးချေပါမည်ဟု ရွှေရတနာအောင်ဆန်ရောင်းဝယ်ရေးဆိုင်၏ ဘောက်ချာတွင် ရေးသာလက်မှတ်ထိုးကတိပြုခဲ့ကြောင်း၊ ကတိပြုထားသောနေ့တွင် လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် ဖုန်းဖြင့်ဆက်သွယ်ရာ အဆက်အသွယ်မရသဖြင့် ရှေ့နေမှတစ်ဆင့် (၁.၄.၂၀၁၄)တရားပြိုင်များထံ အကြောင်းကြားစာ ပေးပို့တောင်းဆိုခဲ့သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိကြောင်း၊ သို့ပါ၍ တရားလိုအား တရားပြိုင်များမှ ဆန်အိတ်ဖိုးငွေကျပ် (နှစ်ဆယ် ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်တိတိ) အားပေးဆပ်စေသည့် အမိန့်ကို စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးပါရန် အဆိုပြုဖော်ပြထားသည်။

တရားပြိုင်များ၏ ချေပလွှာတွင် တရားလိုသည် ထက်အာကာဆန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည်ဟုဆိုသော်လည်း ပွဲစားတစ်ဦးသာဖြစ်ကြောင်း၊ တရားပြိုင်မှာယခင်က ဆန်ရောင်းချခဲ့ကြောင်း၊ တရားပြိုင်သည် ဆန်အရောင်းအဝယ်လုပ်ကိုင်ရာတွင် ကုန်စည်ဒိုင်မှဆန်ဝယ်သကဲ့သို့ ဘုရင့်နောင်ပွဲရုံများမှလည်း ဆန်ဝယ်ယူကြောင်း၊ တရားလိုမှ ဆန်အိတ်အချို့ရောင်းချပေးရန် အကူအညီတောင်းသောကြောင့် ဆန်အိတ်ဖိုးငွေကိုးသိန်းကျော် ပေးချေပြီးဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ (၁၃.၃.၂၀၁၄)ရက်နေ့က ဆန်အိတ်ဖိုး ကြိုတင်ပေးငွေနှစ်သိန်းတိတိ၊ (၁၄.၃.၂၀၁၄) ရက်နေ့က ငါးသိန်းတိတိ၊ (၁၇.၃.၂၀၁၄) ရက်နေ့က ငွေကျပ်လေးသိန်းတိတိ၊ စုစုပေါင်း ငွေကျပ်တစ်ဆယ့်တစ်သိန်းတိတိ တို့အား ဆန်အိတ်ဖိုးပေးချေခဲ့ပြီး ကျန်ငွေမှာ တစ်ဆယ့်ခြောက်သိန်းတိတိသာကျန်ရှိကြောင်း၊ ထိုကဲ့သို့ ဆန်အိတ်ဖိုးပေးငွေများအား စာရေးမမှ ကုန်ဝင်/ ကုန်ထွက်စာအုပ်တွင် လက်မှတ်ရေးထိုး လက်ခံထားကြောင်း၊ အဆိုပါစာအုပ်အား ရုံးတော်သို့ တင်ပြထားခြင်းမရှိဘဲပိုမို၍ တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ဆန်အိတ်ဖိုးငွေများအား အလီလီ ပေးချေခဲ့သော်လည်း အဆိုပါငွေများအား တပြားတစ်ချပ်မှမပေးဟုဆိုကာ ရာဇဝတ်ကြီးမှုစွဲဆိုထားခဲ့သဖြင့် များစွာနစ်နာကြောင်း၊ တရားပြိုင်အနေဖြင့် ဆန်အိတ်ဖိုးငွေများပေးချေခဲ့သော်လည်း

၂၉.၈.၁၄

(ဇင်မာထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၄)
မရမ်းကုန်းမြို့နယ်တရားရုံး

တရားလိုမှ ရယူသည့်အရေအတွက်နှင့်ပတ်သတ်၍ လက်မှတ်ထိုးပေးရန် ပြောသောကြောင့် ပထမပေးသွင်းငွေများအား ထုတ်နှုတ်ခြင်းမရှိဘဲ တရားလိုကျေနပ်စေရန်(၂၉.၃.၂၀၁၄) ရက်နေ့တွင် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုထံပေးရန် ကျန်ငွေမှာ ငွေကျပ် တစ်ဆယ့်ခြောက်သိန်းကျော်သာရှိကြောင်း၊ တရားလို၏ တရားစွဲဆိုပုံမှားယွင်းနေကြောင်း၊ ဆန်ဖိုးငွေများအား အပြီးအပြတ်ပေးရပါမည်ဟု စာမှတ်စာတမ်းဖြင့် ကတိကဝတ်ထားရှိခြင်းမရှိ၍ လည်းကောင်း ၊ စာရင်းရှင်းလင်းခြင်း ပြုလုပ်ရခြင်းမရှိသောကြောင့်လည်းကောင်း တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း ၊ တရားလိုအား နှစ်ဆယ့်နှစ်သိန်းခုနစ်သောင်း နှစ်ထောင်တိတိပေးရန်ကျန်ရှိခြင်း မရှိ၍လည်းကောင်း အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်သင့်ပါကြောင်း လျှောက်ထားသည်။

အဆိုလွှာနှင့်ချေပလွှာတို့အရ အောက်ပါရုံးငြင်းချက်များကို ထုတ်နှုတ်ခဲ့သည်။

ငြင်းချက်များ

(၁) တရားလိုသည် တရားများထံမှ (၁၄.၃.၂၀၁၄) ရက်နေ့နှင့် (၁၇.၃.၂၀၁၄) ရက်နေ့များတွင် အရောင်းအဝယ်ပြုလုပ်ခဲ့သည့် ဆန်အိတ်ဖိုးငွေ စုစုပေါင်း (၂,၇၇၂,၀၀၀ိ/) ကျပ်ရရန်ရှိသည်မှာ မှန်သလား။

(၂) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

ငြင်းချက်(၁)

တရားလိုက မိမိသည် ဆိပ်ကမ်းမြို့နယ် ဆန်စပါးကုန်စည်ဒိုင်တွင် ဆန်ပွဲစား အဖြစ်လုပ်ကိုင်သည့်အပြင် သီရိမွန်ပလာဇာတွင် ထက်အာကာအမည်ဖြင့် ဆန်ဆိုင်ဖွင့်လှစ်ထားကြောင်း၊ တရားပြိုင်များမှ ဒေါပုံမြို့နယ်တွင် ရွှေရတနာအောင်အမည်ဖြင့် ဆန်ရောင်းဝယ်ကြောင်း၊ တရားပြိုင်များမှ ဆန်စပါးကုန်စည်ဒိုင်တွင် ဆန်လာဝယ်ရာမှ တစ်ဆင့်သိကြောင်း၊ (၁၄.၃.၂၀၁၄) ရက်နေ့က တရားပြိုင်များနှင့်အတူ ၎င်းတို့၏ သမီးဖြစ်သူ အလုပ်သမားတစ်ဦးတို့ မိမိ၏ ဆန်ဆိုင်သို့ ရောက်ရှိလာကြောင်း၊ တရားပြိုင်မှ ကုန်စည်ဒိုင်မှ ဆန်များဝယ်ယူရောင်းချရာတွင် အခက်အခဲဖြစ်နေ၍ မိမိဆိုင်မှ ဆန်များအားရောင်းချပေးရန်ပြောကြောင်း၊ မိမိမှ ဆန်အိတ်များဝယ်ယူပါက ဆန်အိတ်ဖိုးငွေများအား (၅)ရက်ကြာလျှင်ပေးရမည် ဖြစ်ကြောင်း ပြောရာ တရားပြိုင်မှ မပျက်မကွက်ပေးမည်ဖြစ်ကြောင်းပြောပြီး ဆန်အိတ် (၈၀) အား ရောင်းချခဲ့ကြောင်း၊ ဆန်အိတ်စုစုပေါင်းတန်ဖိုး တစ်ဆယ့်ခြောက်သိန်းခြောက်သောင်းငါးထောင်ဖြစ်ပြီး ထက်အာကာ ဆန်ရောင်းဝယ်ရေး ဘောင်ချာအမှတ် ၀၉၂၆ ဖြင့်ရေးဖွင့်ရောင်းချခဲ့သည့် ဘောင်ချာလက်ခံမိတ္တူအား သက်သေခံ (က)အဖြစ် တင်သွင်း ကြောင်း၊ သက်သေခံ (က) ဘောင်ချာအား မိမိဆိုင်မှ စာရေးမဖြစ်သူသီသီခိုင်မှ ရေးသာခြင်းဖြစ်ကြောင်း၊ တရားပြိုင်များ

၂၈.၈.၁၉

(ခင်မာထွန်း)
တွံတေးမြို့နယ်တရားသူကြီး(၄)
ဓနုဖြူ/ကျိုက်လတ်မြို့နယ်တရားရုံး

သည် (၁၇.၃.၂၀၁၄) ရက်နေ့တွင် မိမိဆိုင်မှ ဆန်အိတ်(၅၈)အိတ်အား ထပ်မံဝယ်ယူသွားခဲ့ကြောင်း၊ ဆန်အိတ်စုစုပေါင်းတန်ဖိုး တစ်ဆယ့် တစ်သိန်းတစ်သောင်းခုနစ်ထောင် ဖြစ်ကြောင်း၊ ထက်အာကာဆန်ရောင်းဝယ်ရေး ဘောင်ချာအမှတ် ၀၉၂၇ ဖြင့်ရေးဖွင့်ရောင်းချခဲ့သည့် ဘောင်ချာလက်ခံမိတ္တူအား သက်သေခံ (ခ)ဖြစ်ကြောင်း ၊ (၁၄.၃.၂၀၁၄) ရက်နေ့နှင့် (၁၇.၃.၂၀၁၄) ရက်နေ့က ဆန်အိတ်များအားလက်ခံရရှိကြောင်း ကုန်ထုတ်မှတ်တမ်းစာအုပ်တွင် (၁)တရားပြိုင်က လက်မှတ်ရေးထိုးပြီး အဆိုပါ မှတ်တမ်းမိတ္တူမှာ သက်သေခံ (ဂ)ဖြစ်ကြောင်း၊ တရားပြိုင်မှ ဆန်အိတ်များယူသွားပြီးနောက် ငွေပေးချေရမည့်ရက်တွင် လာရောက်မပေးသဖြင့် (၂၅.၃.၂၀၁၈) ရက်နေ့တွင် မိမိနှင့် စာရေးမဖြစ်သူ မသီသီခိုင်တို့ တရားပြိုင်များ ဆန်ဆိုင်သို့ လိုက်သွားခဲ့ကြောင်း၊ တရားပြိုင်မှ ဆန်ဖိုးငွေများအား နှစ်ရက် ၊သုံးရက်နေလျှင် ပေးမည်ဟုပြောသဖြင့် မိမိမှဆိုင်ဘောက်ချာဖြင့် ရေးသားရန်ပြောရာ ရွှေရတနာအောင် ဆန်ရောင်းဝယ်ရေးဘောက်ချာ ဖြင့် (၂၉.၃.၂၀၁၄) ရက်နေ့တွင် ဆန်ဖိုးငွေစုစုပေါင်း ၂,၇၇၂,၀၀၀ိ/ ကျပ်အား ပေးချေပါမည်ဟု ရေးသားကာ လက်မှတ်ထိုးပေးခဲ့သော ဘောက်ချာမိတ္တူအား သက်သေခံ(ဃ) ဖြစ်ကြောင်း၊ (၂၉.၃.၂၀၁၄) ရက်နေ့တွင် တရားပြိုင်များမှ လာရောက်ပေးသွင်းခြင်းမရှိသဖြင့် (၁.၄.၂၀၁၄) ရက်နေ့တွင် ရှေ့နေမှတစ်ဆင့် (သက်သေခံ င) အကြောင်းကြားစာ ပေးပို့တောင်းဆိုခဲ့ကြောင်း၊ တရားပြိုင်များမှ ဆန်ဖိုးငွေများမပေးသဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးတွင်ပင် ရာဇဝတ်ကြီးမှု တရားစွဲဆိုပြီး စီရင်ချက် မိတ္တူမှန်အား သက်သေခံ(စ) အဖြစ် တင်သွင်းကြောင်းထွက်ဆိုသည်။

မသီသီခိုင်(လိုပြ-၂)မှ မိမိသည် ထက်အာကာဆန်ဆိုင်တွင် စာရေးမအဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ တရားပြိုင်များသည် (၁၄.၃.၂၀၁၄) ရက်နေ့က ထက်အာကာဆန်ဆိုင်တွင် ဆန်အိတ် (၈၀) အားဝယ်ယူခဲ့သဖြင့် သက်သေခံ(က)ဘောက်ချာဖြင့် မိမိကိုယ်တိုင်ရေးသားပေးခဲ့ကြောင်း၊ ဒုတိယအကြိမ် ဆန်အိတ် (၅၈)အိတ်အား ဝယ်ယူစဉ်ကလည်း သက်သေခံ (ခ) ဘောက်ချာအား မိမိကိုယ်တိုင်ပင်ရေးသားပေးခဲ့ကြောင်း၊ ဆန်အိတ်ဖိုးစုစုပေါင်းငွေများမှာ နှစ်ဆယ့်ခုနစ်သိန်း ခုနစ်သောင်းနှစ်ထောင်ဖြစ်ကြောင်း၊ အဆိုပါ ဆန်အိတ်များအား တရားပြိုင်များမှ သက်သေခံ(ဂ) ကုန်ထုတ်မှတ်တမ်းဖြင့် ထုတ်ယူသွားခဲ့ကြောင်း၊ သက်သေခံ(က)(ခ) ဘောင်ချာပါဆန်ဖိုးငွေများအား ပေးချေခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်များထံမှ ဆန်ဖိုးငွေများမပေးသဖြင့် ဒေါပုံမြို့နယ်ရှိ ရွှေရတနာဆန်ရောင်းဝယ်ရေးဆိုင်သို့ တရားလိုဖြစ်သူနှင့်အတူ မိမိလိုက်သွားခဲ့ရာ သက်သေခံ (ဃ)ဘောင်ချာဖြင့် ငွေများအား ပေးချေမည့်နေ့အား တရားပြိုင်မှရေးသား လက်မှတ်ထိုးပေးခဲ့ကြောင်း၊ တရားပြိုင်မှ (၁၄.၃.၂၀၁၄) နှင့် (၁၇.၃.၂၀၁၄) ရက်နေ့များတွင် သက်သေခံ (၁)စာမှတ်စာတမ်းဖြင့် ဆန်ဖိုးငွေများပေးသွင်းခဲ့ကြောင်း ၊ အဆိုပါ ပေးသွင်းငွေ ကိုးသိန်းမှာ တရားပြိုင်မှ မြန်မာနိုင်ငံဆန်စပါးကုန်စည်ဒိုင်မှ ဝယ်ယူသည့် ဆန်ဖိုးငွေများပေးသွင်းခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုသည်။

၁၉.၈.၁၉

(ပြေသသွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
မရမ်းကုန်းမြို့နယ်တရားရုံး

အောင်ဌေးဦး(လိုပြ-၁)မှ မိမိသည် ထက်အာကာဆန်ရောင်းဝယ်ရေးတွင် အလုပ်သမား ဖြစ်ပြီး ၂၀၁၄ ခုနှစ်လောက်က တရားပြိုင်တို့ရောက်လာပြီး ဆန် လာ ဝယ်သဖြင့် ၎င်းတို့နှင့် အတူ ပါလာသောကားအပေါ် ဆန်အိတ် (၈၀) အိတ်တင် ပေးခဲ့ရကြောင်း၊ ထိုသို့ ဆန်ဝယ်သွားပြီး နှစ်ရက်ခန့်အကြာတွင် ဆန်အိတ်ပေါင်း (၅၈)အိတ်အား ထပ်မံဝယ်သွားကြောင်း ဆန်ဖိုးငွေများ အား မိမိရှေ့တွင် ပေးချေသည်ကို မတွေ့ကြောင်း၊ ဆန်အရောင်းအဝယ် ပြုခြင်းနှင့်ပတ်သတ်၍ စာရေးမဖြစ်သူ ဒေါ်သီသီခိုင်မှ ရေးဖွင့်ကြောင်း၊ အချင်းဖြစ်ဆန်ဖိုးငွေ နှင့်ပတ်သတ်၍ တရားလိုနှင့်အတူ တရားပြိုင်အိမ်သို့ သွားရောက်တောင်းဖူးကြောင်း၊ (၁၃.၃.၂၀၁၄)၊ (၁၄.၃.၂၀၁၄) ၊ (၁၇.၃.၂၀၁၄) ရက်စွဲများဖြင့် ဆန်ဖိုးငွေများအား တရားပြိုင်မှ ပေးသွင်းပြီး၊ တရားလိုမှ၏ စာရေးမဖြစ်သူ မသီသီခိုင်မှ အလီလီလက်ခံထားသည်ကို သက်သေခံ (၁)စာအုပ် အရ တွေ့မြင်ကြောင်းဖြင့် ထွက်ဆိုသည်။

(၁)တရားပြိုင် ဦးအောင်မင်းစိုး ကိုယ်တိုင်နှင့် (၂) တရားပြိုင်ဒေါ်ရွှေရည်ဝင်း၏ အခွင့်ရ ကိုယ်စားလှယ်အဖြစ်ထွက်ဆိုရာတွင် တရားလိုဦးခင်ထက်(ခ)ဦးအောင်ဇော်ဝမ်းနှင့် ဝါးတန်းလမ်း ရှိ ဆန်စပါးကုန်စည်ဒိုင်တွင် ဆန်အရောင်းအဝယ်ပြုလုပ်ရင်း ရင်းနှီးကြောင်း၊ တရားလိုမှာဆန် စပါးကုန်စည်ဒိုင်၌ ဆန်ပွဲစားအဖြစ်လုပ်ကိုင်ကြောင်းနှင့် ဘုရင့်နောင်ပလာဇာဝန်းတွင် ထက် အာကာဆန်ပွဲရုံဖွင့်လှစ်ထားကြောင်း၊ တရားလိုထံဝယ်ယူရာတွင် ကုန်ဝင်ကုန်ထွက်ငွေပေး ချေခြင်းမှတ်တမ်းစာအုပ်များ တစ်ယောက်တစ်အုပ်စီ ထားရှိကြောင်း၊ ယင်းစာအုပ်နှစ်အုပ် စလုံးတွင် စာရေးမဖြစ်သူ မသီသီခိုင်မှ ရေးသွင်းပေးခြင်းဖြစ်ကြောင်း၊ ကုန်စည်ဒိုင်မှ ဆန်ဝယ်ရာ တွင် အရစ်ကျပေးချေသည့်စနစ်ဖြင့် ဆန်ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ထိုသို့ကုန်ဖိုးငွေများ ပေးချေ ထားသည့် စာအုပ်မူရင်းမှာ ဒေါပုံမြို့နယ်တရားရုံးတွင် တင်သွင်းထားကြောင်း၊ မိမိက တရားလို အား(၁၃.၃.၂၀၁၄) ရက်နေ့တွင် ဆန်များသွားရောက်ဝယ်ယူစဉ်က ငွေကျပ် (၂)သိန်း၊ (၁၄.၃.၂၀၁၄) ရက်နေ့တွင် ငွေကျပ် (၅)သိန်း၊ (၁၇.၃.၂၀၁၄) ရက်နေ့တွင် ငွေကျပ် (၄)သိန်း စုစုပေါင်းငွေကျပ် (၁၁) သိန်းပေးဆပ်ထားပြီးဖြစ်ကြောင်း၊ (၉.၃.၂၀၁၄) ရက်စွဲပါစာချုပ်အား တရားလိုမှ အကူအညီတောင်းသောကြောင့် မိမိမှ လက်မှတ်ထိုးပေးခဲ့ရကြောင်း၊ တရားလိုမှ အဆိုပါ စာချုပ်တွင် ပေးသွင်းငွေကျပ် ၁၁ သိန်းအား နုတ်ပေးခဲ့ခြင်းမရှိဘဲ စာရင်းရှင်းလင်းပြီးမှ နုတ်ပေးမည်ပြောသောကြောင့် လက်မှတ်ထိုးပေးခဲ့ကြောင်း၊ သက်သေခံ (၁) မှတ်တမ်းအရ ဆန်ဖိုးငွေ (၁၁)သိန်းအား ပေးသွင်းပြီးဖြစ်ကြောင်း တရားလိုမှ အဆိုပါငွေအား နှုတ်ခြင်း မရှိကြောင်း၊ တရားလိုအား အမှန်တကယ်ပေးရမည့်ငွေမှာ (၁၆)သိန်းကျော်သာ ဖြစ်ကြောင်း၊ သက်သေခံ(က) နှင့် (ခ) ဘောက်ချာများရှိ ဆန်ဖိုးငွေပေးချေရမည့်ငွေများအား သက်သေခံ (ဃ) ဘောက်ချာတွင် ပေးချေထားကြောင်း ရေးထားခြင်းမရှိကြောင်း မိမိ၏စာအုပ်တွင် ရေးထား ကြောင်းဖြင့် ထွက်ဆိုသည်။

၂၉-၈-၂၀၁၉

(ခင်မောင်ထွန်း)

တွဲဖက်မြို့နယ်တရားသူကြီး(၄)

မရမ်းကုန်းမြို့နယ်တရားရုံး

ဦးအေးကြူ (ပြိုင်ပြ-၁) မှ တရားပြိုင် ဦးအောင်မင်းစိုး ထက်အာကာဆန်ဆိုင်သို့ ဆန်များသွားရောက်ဝယ်ယူရာတွင် မိမိလိုက်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ၃ လပိုင်း က တရားလိုဆိုင်သို့ ဆန်များသွားရောက်ဝယ်ယူရာတွင် ဆန်ဖိုးငွေ (၂)သိန်းကျပ်အား ကြိုတင်ထုတ်ပေးသည်ကို တွေ့ ကြောင်း၊ အိတ်အရေအတွက်ကိုတော့မမှတ်မိကြောင်း၊ အဆိုပါလ တွင် ဒုတိယအကြိမ် ဆန်များသွားရောက်ဝယ်ယူရာတွင် ဆန်ဖိုးငွေ (၅)သိန်းကျပ်အား ပေးလိုက်သည်ကို တွေ့ရှိရကြောင်း၊ တတိယအကြိမ် သွားရောက်ဝယ်ယူရာတွင် ငွေကျပ် (၄)သိန်းအား တရားပြိုင်များ မှ ပေးချေခဲ့သည်ကိုတွေ့ကြောင်း၊ အဆိုပါ ပေးငွေကျပ်စုစုပေါင်း(၁၁)သိန်းအား ထက်အာကာဆန်ဆိုင်မှ စာရေးမဖြစ်သူမှ စာရင်းရေးမှတ် လက်ခံသည်ကိုတွေ့ရကြောင်းဖြင့် ထွက်ဆိုသည်။

တရားလိုဘက်ထွက်ဆိုချက်များရ တရားပြိုင်များသည် တရားလိုများထံမှ သက်သေခံ (က) ၊ သက်သေခံ(ခ) ဘောင်ချာများဖြင့် ဆန်အိတ်များယူသွားကြောင်း၊ သက်သေခံ (ဃ) ဘောင်ချာဖြင့် (၂၉.၃.၂၀၁၄) ရက်နေ့တွင် ဆန်ဖိုးငွေ နှစ်ဆယ့်ခုနှစ်သိန်းခုနစ်သောင်းနှစ်ထောင်အား ပေးချေမည်ဟု ရေးသားကတိပြုခဲ့သော်လည်း အဆိုပါဆန်ဖိုးငွေများအား ပေးချေရခြင်း မရှိသေးကြောင်း ထွက်ဆိုတင်ပြပြီး တရားပြိုင်ဘက်မှ အဆိုပါ သက်သေခံ (က)(ခ) (ဃ) ပါ ဆန်ဖိုးငွေများအား အလီလီခွဲ၍ ငွေကျပ် (၁၁)သိန်းပေးဆပ်ပြီးကြောင်း ထွက်ဆိုတင်ပြသည်။

တရားလိုအနေဖြင့် အဆိုပါဆန်ဖိုးငွေများအား တရားပြိုင်များမှ ပေးဆပ်ရခြင်းမရှိသဖြင့် တရားပြိုင်များ၏ ရွှေရတနာဆန်ဆိုင်သို့ မသီသီခိုင် (လိုပြ-၂) နှင့် လိုက်လံ၍ ဆန်ဖိုးငွေများ ပေးချေရန်သွားရောက်ခဲ့၍ (၁)တရားပြိုင် ဦးအောင်မင်းစိုးမှ သက်သေခံ (ဃ) ဘောင်ချာတွင် ဆန်ဖိုးငွေကျပ် နှစ်ဆယ့်ခုနှစ်သိန်းခုနစ်သောင်းနှစ်ထောင်အား (၂၉.၃.၂၀၁၄) ရက်နေ့တွင် ကုန်ဖိုးငွေပေးမည်ဟု ကိုယ်တိုင်လက်မှတ်ရေးထိုး ပေးထားခဲ့ကြောင်းမှာ ထင်ရှားသည်။

တရားပြိုင်သည် သက်သေခံ (၁)မှတ်တမ်းစာအုပ်တွင် (၁၃.၃.၂၀၁၄) ရက်နေ့က ငွေကျပ် (၂)သိန်း၊ (၁၄.၃.၂၀၁၄) ရက်နေ့တွင်ငွေကျပ် ဆန်အိတ်ဖိုးကြိုတင်ထုတ်ပေးငွေ (၅)သိန်း၊ (၁၇.၃.၂၀၁၄) ရက်နေ့တွင် ငွေကျပ် (၄)သိန်း အလီလီပေးချေ၍ ဝယ်ယူခဲ့ကြောင်းအား ချေပလွှာနှင့် တရားပြိုင်၏ ထွက်ဆိုချက်များတွင် ထွက်ဆိုခဲ့ပြီး၊ တရားပြိုင်၏ ထွက်ဆိုချက်တွင်ပင် (၁၃.၃.၂၀၁၄) ရက်နေ့ ဆန်များသွားရာက်ဝယ်စဉ်က ငွေကျပ် (၂)သိန်း ၊(၁၄.၃.၂၀၁၄) ရက်နေ့တွင် ငွေကျပ် (၅)သိန်း၊ (၁၇.၃.၂၀၁၄) ရက်နေ့တွင် ငွေကျပ် (၄)သိန်း ရက်စွဲများဖြင့် အလီလီပေးဆပ်ထားပြီးဖြစ်ကြောင်း၊ (၉.၃.၂၀၁၉) ရက်စွဲပါစာချုပ်မှာ တရားလိုမှငှင်းအားဆန်များရောင်းချထားသည်မှာ မှန်ကြောင်း ကုန်မှုုအားပြရန်အတွက် လက်မှတ်ရေးထိုးပေးခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုထားရာ တရားပြိုင်မှ သက်သေခံ(၁)စာအုပ်ဖြင့် ဆန်ဖိုးငွေများပေးဆပ်ထားသည် ဆိုသည်မှာ ထက်အာကာဆန်ဆိုင်မှ (၁၄.၃.၂၀၁၄) နှင့် (၁၇.၃.၂၀၁၄) ရက်နေ့များက ယူသော ဆန်ဖိုးငွေများအား ပေးဆပ်ခြင်းမဟုတ်ဘဲ ဆန်စပါးကုန်စည်ဒိုင်သို့ ပေးဆပ်ရန် ကျန်

၂၉.၈.၁၆

(ခင်မောင်လွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၄)
ရေဦးတရားရုံး

သည့် ဆန်ဖိုးငွေများအား ပေးဆပ်ရန် ပေးဆပ်ခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။ တရားပြိုင်အနေဖြင့် ဆန်ဖိုးငွေ နှစ်ဆယ့်ခုနစ်သိန်း ခုနစ်သောင်း နှစ်ထောင် နှင့် ပတ်သတ်၍ ငွေပေးချေထားကြောင်း ၎င်းထံတွင် စာအုပ်ရှိကြောင်း ထွက်ဆိုသော်လည်း အဆိုပါစာအုပ်အား အမှုတွင် သက်သေခံအဖြစ် တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

တရားပြိုင်များ မှ တရားလိုအား ဆန်ဖိုးငွေကျပ် (၁၆)သိန်းကျော်သာ ပေးဆပ်ရန်ဖြစ်ကြောင်း စာမှတ်စာတမ်းတစ်စုံတစ်ရာအား တင်ပြနိုင်ခြင်းမရှိပေ။

တရားလို၏ စာရေးမဖြစ်သူ မသီသီခိုင်(လိုပြ-၂) ထံ ဆန်ဖိုးငွေများအား ပေးသွင်းကြောင်း တရားပြိုင်နှင့် ဦးအေးကြူ (ပြိုင်ပြ-၂) တို့က ထွက်ဆိုထားသော်လည်း ထိုသို့ပေးသွင်းကြောင်း အထောက်အထားတင်ပြထားနိုင်ခြင်း မရှိသည်ကိုတွေ့ရှိရသည်။

တရားပြိုင်အနေဖြင့် ဆန်ဖိုးငွေများအား (၁၃.၃.၂၀၁၄)(၁၄.၃.၂၀၁၄) (၁၇.၃.၂၀၁၄) ရက်များတွင် အလီလီပေးချေခဲ့မည်ဆိုပါကလည်း သက်သေခံ (ဃ) ဘောက်ချာပေါ်တွင် ကုန်ဖိုးငွေများအား(၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးမည်ဟုရေးရန် အကြောင်းရှိနိုင်မည် မဟုတ်ဘဲ စီးပွားရေးလုပ်ကိုင် နေသူတစ်ဦးဖြစ်သည့်အလျှောက် တရားလိုမှ သက်သေခံ (ဃ) ဘောက်ချာပေါ်တွင်ရေးပေးရန် ခိုင်းစေသဖြင့် ရေးပေးခဲ့ရခြင်းမှာ ယုတ္တိရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် တရားလိုသည် တရားပြိုင်များထံမှ (၁၄.၃.၂၀၁၄) ရက်နေ့နှင့် (၁၇.၃.၂၀၁၄) ရက်နေ့များတွင် အရောင်းအဝယ်ပြုလုပ်ခဲ့သည့် ဆန်အိတ်ဖိုးငွေ စုစုပေါင်း (၂,၇၂၂,၀၀၀ိ/) ကျပ်အား ရရန်ရှိသည်မှာ မှန်ကြောင်းငြင်းချက် (၁)အားဖြေဆိုလိုက်သည်။

ငြင်းချက် (၂)

အထက်ငြင်းချက်(၁)ပါဖြေဆိုချက်အရ တရားလိုသည် တရားပြိုင်များထံမှ ဆန်ဖိုးငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်အား ရထိုက်ကြောင်း ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ သခင်မြ (၃)လမ်း ၊ အမှတ် ၁၀၉ နေ (၁) တရားပြိုင် ဦးအောင်မင်းစိုး၊ (၂)တရားပြိုင် ဒေါ်ရွှေရည်ဝင်းတို့သည် မရမ်းကုန်းမြို့နယ် ၊ သီရိမွန် ပလာဇာဝန်း၊ ၆ လမ်း ၊ အမှတ် (၆) နေ ဦးခင်ထက်(ခ) ဦးအောင်ဇော်ဝမ်းအား ဆန်ဖိုးငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းနှစ်ထောင်အား စရိတ်နှင့်တကွ ပေးဆပ်စေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀ိ/ကျပ်သတ်မှတ်သည်။

၂၉.၈.၂၀၁၉

(ခင်တာလှနိုး)

တွဲဖက်မြို့နယ်တရားသူကြီး (၄)

မရမ်းကုန်းမြို့နယ်တရားရုံး